မြန်မာခရစ်ယာန်မိသဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 17/ Issue 6 / June /2024

## A Father loves all the time

## Happy Fathers Day
## June 16, 2024



*As a father has compassion on his children,*
*so the LORD has compassion on those who fear Him.*
*Psalm 103:18*

*The father of the righteous shall greatly rejoice:*
*and he that begetteth a wise child shall have joy of him.*
*Proverb 23:24*

*May the God of hope fill you with all joy and peace as you trust in Him,*
*so that you may overflow with hope by the power of the Holy Spirit.*
*Aman.*

## 2024 June, Sunday Worship Programs

June 2024

| Sun | Mon | Tue | Wed | Thu | Fri | Sat |
|---|---|---|---|---|---|---|
| | | | | | | 1 |
| 2 | 3 | 4 | 5 | 6 | 7 | 8 |
| 9 | 10 | 11 | 12 | 13 | 14 | 15 |
| 16 | 17 | 18 | 19 | 20 | 21 | 22 |
| 23 | 24 | 25 | 26 | 27 | 28 | 29 |
| 30 | | | | | | |

**June 5, 2024 … Holy Communion**

**June 9, 2024 … Regular Worship Service**

**June 16, 2024 … Father's Day Sunday Worship Service**

**June 23, 2024 … Regular Sunday Worship Service**

❖❖❖ **To share our Worship Service podcasting at bcfla.org May select image gallery tap for previous Worship Services.**

★★★ **BCF would like to thank everyone for their participation at the May 18, Food Fair. And also additional love gifts or donations are highly encouraged.**

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday School (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# Happy Father's Day

## June 16, 2024

***A Father's Day***

***Blessing***

*************

***Blessed***

***is the father,***

***Who lets the Lord***

***be his guiding hand,***

***Whose faith brings***

***his family courage,***

***Whose wisdom comes***

***from God,***

***And whose children***

***still stand***

***and honor him.***

***



# “ မိဘ ဆရာသမားများ ထံမှ ”

ဘုရားမရှိ တရားမရှိ

လူသည် ဗလာနတ္ထိ

ဘုရားမပါ တရားမပါ

ကြင်နာမေတ္တာ ကင်းဝေးမှာ

ဘုရားမသိ တရားမသိ

ယုတ်မာကြမ်းတမ်း ရက်စက်၏ ... ။

ဘုရားနဲ့ဝေး တရားနဲ့ဝေး

ရင်မှာမအေး ကယ်သူဝေး ... ။

ဘုရားကိုကြောက် တရားကိုစောင့်

ရိုးသားဖြောင့်မတ် ပူပင်ပျောက် ... ။

ဘုရားကိုလှူ တရားကိုယူ

အေးရိပ်ငြိမ်မှာ အတူတူ

ဘုရားကိုပင့် တရားကိုကျင့်

ဘဝဆက်ဆက် ထာဝရအသက် ရွှေထီးရွက် ... ။

အချစ်များစွာဖြင့်

ရိုးကြာဖြူ

# ပညာရှိဖခင်တစ်ဦး၏
# အလိုတော်နှင့်ညီသော ဆုံးမစကား




သုတ္တံကျမ်း၊ ၄း၁–၂၇ ။

၁ ငါသားတို့၊ အဘ၏နည်းဥပဒေသကို နားထောင်၍၊ ဉာဏ်သဘောကို နားလည်ခြင်းငှါ
စေ့စေ့မှတ်ကြလော့။

၂ ကောင်းသောဩဝါဒကို ငါပေး၏။ ငါ့ပညတ်တရားကို မပယ်ကြနှင့်။

၃ ငါမူကား၊ အဘ၏ရင်နှစ်၊ အမိရှေ့မှာနူးညံ့၍ အချစ်ဆုံးသောသားဖြစ်၏။

၄ ငါ့အဘ သွန်သင်၍ မြွက်ဆိုလေသည်ကား၊ ငါ့စကားကို သင်၏နှလုံး၌ သွင်းမိ၍၊
ငါ့ပညတ်တို့ကို ကျင့်စောင့်သဖြင့် အသက်ရှင်လော့။

၅ ပညာကို ဆည်းဖူးလော့။ ဉာဏ်ကို ဆည်းဖူးလော့။ သတိမလစ် စေနှင့်။ ငါ၏နှုတ်ထွက်
စကားကို မလွှဲမရှောင်နှင့်။

၆ ပညာကိုမစွန့်နှင့်။ သူသည် သင့်ကို ထိန်းသိမ်းလိမ့်မည်။ သူ့ကို ချစ်လော့။
သင့်ကိုစောင့်မလိမ့်မည်။

၇ ပညာသည် အမြတ်ဆုံးသော အရာဖြစ်၏။ ပညာကို ဆည်းဖူးလော့။ ဆည်းဖူး သမျှသော
ဥစ္စာတို့တွင် ဉာဏ်ကို ဆည်းဖူးလော့။ဖြ

၈ သူ့ကို အမြတ်ထားလော့။ သူသည် သင့်ကိုချီးမြှောက်လိမ့်မည်။ သူ့ကို ဘက်ယမ်းလျှင်
ဂုဏ်သရေကိုပေးလိမ့်မည်။

၉ သင်၏ခေါင်းကို တင့်တယ်သောဦးရစ်နှင့် ပတ်ရစ်၍၊ ဘုန်းကြီးသောသရဖူကို အပ်နှံလိမ့်မည်။

၁၀ ငါ့သား၊ ငါ့စကားကို နားထောင်နာယူလော့။ သို့ပြုလျှင် သင့်အသက်နှစ်ပေါင်းများလိမ့်မည်။

၁၁ ပညာလမ်းကို ငါပြသ၍၊ မှန်သောလမ်းခရီးတို့၌ သင့်ကို ငါပို့ဆောင်၏။

၁၂ ရှောက်သွားလျှင် ကျဉ်းမြောင်းရာသို့ မရောက်၊ ပြေးသော အခါတိုက်မိ၍မလဲရ။

၁၃ ဥပဒေသကိုကိုင်ဆွဲလော့။ မလွှတ်နှင့်။ စောင့်ထားလော့။ အသက်ရှင်ခြင်း၏အကြောင်းဖြစ်၏။

၁၄ အဓမ္မလူတို့လမ်းထဲသို့မဝင်နှင့်။ ဆိုးယုတ်သောသူတို့နှင့်အတူ မလိုက်နှင့်။

၁၅ သူတို့လမ်းကို ကြဉ်ရှောင်လော့။ လိုက်မသွားနှင့်။ လွှဲ၍ သွားလော့။

၁၆ သူတို့သည် သူတပါး၌အပြစ်မပြုရလျှင် မအိပ်တတ်။ တစုံတယောက်သောသူကို မလဲစေလျှင်
အိပ်၍ မပျော်တတ်။

၁၇ ဒုစရိုက်နှင့်ဆိုင်သောမုန့်ကို စား၍ ညှဉ်းဆဲခြင်းနှင့်ဆိုင်သော စပျစ်ရည်ကိုသောက်တတ်ကြ၏။

၁၈ ဖြောင့်မတ်သော သူတို့၏လမ်းသည် တက်သော အာရုဏ်ကဲ့သို့ ဖြစ်၍၊ နေထွက်
သည့်တိုင်အောင် တိုးပွားထွန်းလင်းတတ်၏။

၁၉ မတရားသောသူတို့၏ လမ်းမူကား မှောင်မိုက်သကဲ့သို့ဖြစ်၍ သူတို့သည် လဲသောအခါ၊
အဘယ်အရာကို တိုက်မိသည်ဟု မသိရကြ။

၂၀ ငါ့သား၊ ငါ့စကားကိုနားထောင်လော့။ ငါဟောပြောချက်တို့ကို နားသွင်းလော့။

၂၁ သင့်မျက်မှောက်မှ မကွာစေ နှင့်။ နှလုံးတွင်း၌ စောင့်ထားလော့။

၂၂ အကြောင်းမူကား၊ ထိုတရားစကားကို တွေ့ရသော သူတို့သည် အသက်ရှင်ခြင်း၊
တကိုယ်လုံးကျန်းမာခြင်းအကြောင်းကို တွေ့ရပြီ။

၂၃ နှလုံးသည် အသက်၏ အခြေအမြစ်ဖြစ်သောကြောင့်၊ သင်၏နှလုံး ကိုအထူးသဖြင့်
စောင့်ရှောက်လော့။

၂၄ ကောက်သောစကား တို့ကိုငင်း၊ ငြင်းဆန်တတ်သော နှုတ်ခမ်းတို့ကိုငင်း ဝေးစွာ
ပယ်ရှောင်လော့။

၂၅ သင်၏ မျက်စိသည် ရှေ့ရှုကြည့်၍၊ မျက်ခမ်းတို့သည် တည့်တည့်အာ ရုံပြုစေတော့။

၂၆ သင်သွားရာလမ်းကို စူးစမ်း၍၊ သွားလေရာ၌ တည်ကြည်ခြင်းရှိစေလော့။

၂၇ လက်ျာဘက်၊ လက်ဝဲဘက်သို့ မတိမ်းမလွှဲနှင့်။ ဒုစရိုက်ပြုရာလမ်း ကို ရှောင်လော့။

# အလိုတော်နှင့်ညီသော ။ ဖခင်

[ ဖခင်များကိုဂုဏ်ပြုပါ၏။ ]

ယုံကြည်သူ ခရစ်ယာန်အိမ်ထောင်မိသားစု အသီးသီးကို ကြည့်လျှင် အိမ်ထောင်တစ်ခုတွင် မိခင်၊ ဖခင်များ ရှိကြသလို သူတို့အသီးသီး၌ ဖန်ဆင်းရှင် အဘဘုရားသခင်သည် မိမိအလိုရှိသည်အတိုင်း ပေးထားသော စွမ်းရည်သတ္တိ အသီးသီး ရှိကြပါသည်။

ဖခင်များတို့သည်လည်း မိမိတို့၌ ဘုရားသခင် ဘိသိက်ပေး၍ ခန့်အပ်ထားသည့် ဖခင်၏အရိုက်အရာ ဖြစ်သော ဆုကျေးဇူးများနှင့်အညီ ဇနီးနှင့်သားသမီးတို့ အပေါ်ဝယ်၊ အလိုတော်နှင့်အညီ ကြည့်ရှုပြုစု မေတ္တာပြလျက် ဦးဆောင်သင့်ပေသည်။

ရံဖန်ရံခါ၊ ဖခင်များသည် မိမိတို့၏သားသမီးများကို ပညာသင်ကြားပေး၊ ဥစ္စာပစ္စည်းများဖြည့်ဆီးပေး၊ လိုချင်သမျှကို ပံ့ပိုးပေးလျှင်၊ ဖခင်ဝတ်ကျေပြီဟု ထင်တက်ကြသည်။ ထိုသို့မဟုတ်ပါ။ ဖခင်များသည် သားသမီးများအား ဘုရားသခင်နှင့်နှုတ်ကပါတ်တော် သိကျွမ်းခြင်း အသက်တာ၌အသက်ရှင်ဖို့ရန် စိုက်ပျိုး တည်ဆောက် ပေးကြရမည်။ ဖခင်များသည် သားသမီးများကို မေတ္တာပေးဖို့၊ ဂရုဏာပြဖို့ အပြင်၊ သူတို့၏ စိတ်ဓါတ်ရေးရာ မြှင့်တင်ဖို့၊ အကျင့်စာရိတ္တ မြင့်မားဖို့၊ ဆုံးမသွန်သင် လမ်းညွှန်ပြရန် အထူးလိုအပ်ပါသည်။ ထိုသို့ပြုနိုင်ဖို့ရန် မိမိတို့ သားသမီးများနှင့် အချိန်ပေး၍ တာဝန်ကျေရမည်။

အချို့သောဖခင်များက မိမိတို့၏သားသမီးများကို အချိန်မပေးကြ၊ မိုးလင်းမှသည်မိုးချုပ်သည်အထိ အလုပ်နှင့်စားဝတ်နေရေးအတွက်သာ အချိန်ကုန်နေကြ၏။ အချို့သောဖခင်များသည်လည်း စီးပွါးရေးအတွက်ဟုဆိုကာ လပေါင်းများစွာ ခရီးထွက်ကြရသဖြင့် မိမိတို့သားသမီးများကို အချိန်မပေးနိုင်ကြပါ။

**၁တိ ၅း၈တွင် “မိမိလူတို့ကိုမပြုစု၊ ထိုမျှမက မိမိအိမ်သူအိမ်သားများကို မပြုစုသောသူသည် ယုံကြည်ခြင်းတရားကို ငြင်းပယ်၏။ မယုံကြည်ဘူးသော သူထက် သာ၍ ယုတ်မာ၏။”** ဟု သတိပေးစကားကိုဆင်ခြင်လျက်၊ ဖခင်များသည် မိမိ၏မိသားစုလိုအပ်ချက်အတွက် အလုပ်လုပ်ပြီး မိသားစုကို ပံ့ပိုးရုံမျှမက ဇနီးနှင့်သားသမီးများကိုလည်း အချိန်ပေးပြီး၊ ဘုရားရှင်ကို ကြောက်ရွံ့၍၊ ရိုသေလေးမြတ်ခြင်း ရှိသော ပုဂ္ဂိုလ်ဖြစ်ရမည်။

ခရစ်ယာန်အိမ်ထောင်များတွင် ဖခင်များတို့သည် ဘုရားရှင်ထံ မိသားစုကိုယ်စားဝင်၍ ဆုတောင်းခံပေးသူ၊ ဝန်ချတောင်းပန်ပေးသူ၊ အထူးသဖြင့် မိမိအိမ်ထောင်မိသားစုနဲ့သားသမီးများ အပေါ် ဘုရားသခင်၏ နာမတော်အားဖြင့် ကောင်းကြီးပေးနိုင်စွမ်းရှိသူ ဖြစ်ရမည်။ သမ္မာတရားအတိုင်းသွန်သင်ဆုံးဖြတ်ပေးနိုင်သူ။ ဝိညာဉ်၊ကာယ၊ဉာဏ၊မိတ္တ၊ ဘက်စုံဖွံ့ဖြိုးရန်ထောက်မလမ်းပြသူ။ ထို့ပြင်၊ အိမ်ထောင်တွင် အာဏာရှင်တစ်ဦးကဲ့သို့ ငါပြောသလိုလုပ် မဖြစ်စေရန် သတိပြုပါ။ သစ္စာသမာဓိဖြင့် အေးချမ်းပျော်ရွှင်၊ ငြိမ်ဝပ်လုံခြုံ၊ ကြွယ်ဝအောင်မြင်ရအောင် ဦးဆောင်နိုင်သူဖြစ်ပါ။

ထိုသို့သောဖခင်များသည် ဘုရားအလိုတော်နှင့်အညီ အိမ်ထောင်သာယာ၍ မင်္ဂလာရှိကြောင်းကို ဖခင်များနေ့အတွက် မေတ္တာနှင့် ဂုဏ်ယူဝါကြွားလိုက်ပါသည်။ ။

